**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ ခရီးစဉ်အတွင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ**

**ဦးမောင်မောင်အုန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏**

**စက်တင်ဘာလ ၁၇ ရက်နေ့ လှုပ်ရှားမှု**

**မော်စကိုမြို့သို့ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်နေ့ နံနက် ၁၀ : ၃၀ အချိန်တွင် တည်းခိုရာနေရာမှ ကာလုဂါ (Kaluga Region) ခရိုင်အတွင်းရှိ အယ်ထ်နာမီး (Ethnomir) ယဉ်ကျေးမှုနယ်မြေတွင် တည်ထားကိုးကွယ်သော ရွှေစည်းခုံ ပုံတူစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ပြီး ယဉ်ကျေးမှုနယ်မြေအတွင်း ပြသထားသော နိုင်ငံတကာယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာများကို လေ့လာ ကြည့်ရှုခဲ့ပါသည်။**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုနယ်မြေမှ ရုရှားတပ်မတော်၏ အဓိက ဘုရားကျောင်းတော်တည်ရှိရာ မျိုးချစ်ပန်းခြံ (ပါထ္တီအော့ပန်းခြံ) သို့ သွားရောက်လေ့လာခဲ့ကြသည်။

**အယ်ထ်နာမီး ယဉ်ကျေးမှုနယ်မြေ**

အယ်ထ်နာမီး ယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာတစ်ဝန်းရှိ လူမျိုးအသီးသီး၏ ယဉ်ကျေးမှု၊ နေ့စဉ်ဘဝ၊ ဗိသုကာလက်ရာနှင့် အစားအစာများကို ပြသထားသည့် ပြင်ပလေဟာပြင် ယဉ်ကျေးမှုဆိုင်ရာ ပန်းခြံနှင့် ပြတိုက်တစ်ခုဖြစ်ပြီး မော်စကိုမြို့မှ ကီလိုမီတာ ၉၀ ခန့်အကွာ၊ Kaluga ခရိုင် Borovsky မြို့နယ်ရှိ Petrovo ရွာအနီးတွင် တည်ရှိပါသည်။ အကျယ်အဝန်း ၁၄၀ ဟက်တာ (၃၄၆ ဧက) ရှိပြီး ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဤစီမံကိန်းကို “Dialogue of Cultures – United World” ဖောင်ဒေးရှင်း၏ ဦးဆောင်မှုဖြင့် Ruslan Bayramov က UNESCO ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

အယ်ထ်နာမီးအတွင်း ယဉ်ကျေးမှုဆိုင်ရာ ရပ်ကွက်ငယ်များ (Ethno-courtyards) တွင် သီးခြားလူမျိုးစုများ၏ ရိုးရာအိမ်များ၊ လက်မှုလုပ်ငန်းခွင်များနှင့် နေထိုင်မှုပုံစံများကို ပုံတူဖန်တီး

ထားသည့် ရုပ်ကွက်ငယ်များဖြင့် ပြသထားပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံဆိုင်ရာ ပြခန်း၊ ရွှေစည်းခုံ ပုံတူစေတီတော်၊ ရုရှားရိုးရာ သစ်လုံးအိမ်များပါဝင်သည့် “Podvorye” ရုပ်ကွက်၊ ယူကရိန်းနှင့် ဘယ်လ်လာရုစ် ပြကွက်များ၊ မြောက်ပိုင်း၊ ဆိုက်ဘေးရီးယား၊ အရှေ့ဖျားဒေသနှင့် အာရှနိုင်ငံများ၏ ပြကွက်များစသည်တို့ပါဝင်ပါသည်။ ထို့အပြင် တိုင်းရင်းသားရိုးရာ ကဖေးနှင့် စားသောက်ဆိုင်အမျိုးမျိုးတွင် Slavic ၊ ဆိုက်ဘေးရီးယား၊ အာရှနှင့် အခြားဒေသများမှ ရိုးရာ အစားအစာများကို ရရှိနိုင်ပါသည်။ ဥရောပနှင့် အာရှပြခန်းများ ဆက်စပ်နေသော နေရာရှိခန်းမတွင် အခမ်းအနားများ၊ ကလေးများအတွက် အစီအစဉ်များ၊ ညီလာခံများနှင့် ပညာရေးဆိုင်ရာ လှုပ်ရှားမှုများကို ပုံမှန်ကျင်းပလေ့ရှိပါသည်။

Ethnomir ၏ အဓိကရည်ရွယ်ချက်မှာ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုကို ပြသရန်နှင့် ယဉ်ကျေးမှုများအကြား အပြန်အလှန်ဆက်နွယ်မှုကို မီးမောင်းထိုးပြရန် ဖြစ်ပါသည်။ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အထိမ်းအမှတ် ဗဟိုဌာနတစ်ခုဖြစ်လာအောင် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

## ပါထ္ထိအော့ပန်းခြံနှင့် ရုရှားတပ်မတော်ပင်မဘုရားရှိခိုးကျောင်း

ရုရှားတပ်မတော်၏ ပင်မဘုရားရှိခိုးကျောင်းတော်ကြီး (Main Cathedral of the Russian Armed Forces ) အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျရောက်သည့် ၇၅ နှစ်ပြည့် စိတ်ရတု အောင်ပွဲနေ့ (Victory Day) အထိမ်းအမှတ်အဖြစ် မော်စကိုမြို့၏အနောက်တောင်ဘက် ကူဘင်ကာမြို့ ပါထ္ထိအော့ပန်းခြံ (မျိုးချစ်ပန်းခြံ) အတွင်း ဂုဏ်ပြုတည်ဆောက်ခဲ့ပြီး ၁၄-၆-၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

ကျောင်းတော်ကြီး၏ လှေကားများနှင့်ကြမ်းခင်းများအား နာဇီဂျာမန်များကို အောင်နိုင်စဉ်က ရရှိခဲ့သည့် တင့်ကားများနှင့် သံချပ်ကာယာဉ်များအား အရည်ကျို၍ ရရှိခဲ့သော သံသတ္တုများဖြင့် ပြုလုပ်ထားပါသည်။ ပုံမှန်အော်သိုဒေါက်ဘုရားရှိခိုးကျောင်းများတွင် အရောင်ဖျော့ဖျော့ဖြင့်

ဆေးရောင်ခြယ်လေ့ရှိသော်လည်း ဤကျောင်းတော်ကြီး၏ အတွင်းအပြင်ဆေးခြယ်မှုများတွင် အနက်ရောင်နှင့် စစ်စိမ်းရင့်ရောင်များကို အဓိကအသုံးပြုထားပါသည်။ ကျောင်းဆောင်အမြင့်မှာ ၉၆ မီတာရှိပြီး ကမ္ဘာ့တတိယအမြင့်ဆုံး အော်သိုဒေါက်ဘုရားကျောင်းဖြစ်ပါသည်။ ဘုရားကျောင်း အတွင်းအပြင်ရှိ ပြကွက်များတွင် နိုင်ငံတစ်နိုင်ငံ၏ အင်အားမှာ ဘာသာရေးနှင့် ကာကွယ်ရေး institution ဖြစ်သည့် တပ်မတော်နှင့် ကိုးကွယ်ယုံကြည်မှုသည် ခွဲခြား၍ မရနိုင်ဆိုသည်ကို သိသာထင်ရှားစေသည့် ရုရှားသမိုင်းဖြစ်စဉ်များအား ပေါ်လွင်အောင်ဖော်ညွှန်းထားပါသည်။ ထိုပြကွက်များကို အများပြည်သူများလာရောက် ကြည့်ရှုလေ့လာခြင်းဖြင့် အမျိုးသားရေး စိတ်ဓာတ်များ ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။

ဘုရားကျောင်းအဝင်မုဒ်ဦး အနီးတွင် ဖက်ဆစ်ဝါဒကို တိုက်ဖျက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တရုတ်၊ မြန်မာ၊ ယူဂိုစလားဗီးယား၊ ဗီယက်နမ်၊ မြောက်ကိုရီးယား၊ မွန်ဂိုရီးယား၊ ပြင်သစ် စသည့် မဟာမိတ်တပ်ဖွဲ့များ၏ စွမ်းဆောင်မှုများအား ဂုဏ်ပြုဖော်ကျူး ထုဆစ်ထားသည့် မဟာမိတ်လမ်းဟုအမည်ပေးထားသော ပန်းပုလက်ရာ အစုအဝေးတစ်ခုရှိပါသည်။ ဤနေရာ၏ အဓိကရည်ရွယ်ချက်မှာ အောင်ပွဲရရှိမှုသည် စုပေါင်းအားထုတ်မှုတစ်ခုဖြစ်ကြောင်း ပြသရန် ဖြစ်သည်။ ဆိုဗီယက်တပ်မတော် (Red Army) မှ စစ်သည်များနည်းတူ နိုင်ငံအသီးသီးမှ မဟာမိတ် တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတပ်ဖွဲ့ဝင်များကလည်း စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့ကြပြီး အောင်ပွဲ အတွက် များစွာအထောက်အပံ့ပေးအပ်ခဲ့ကြသည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုပန်းပုရုပ်ထုများ အကြားတွင် မြန်မာတပ်မတော်သား ရုပ်တုများအား ခြသေ့်ရုပ်ထုကြီးနှင့်အတူ ခန့်ညားထည်ဝါစွာ တွေ့ရှိခဲ့ရသည်မှာ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ခဲ့ပါသည်။